
စာမွန်ခန်းသာ စာအုပ်စင်

# မြတ်သင်း

# မြကျွန်းမြိုင်မဟူရာဘုံ

စာရေးသူ၏
မဂ္ဂဇင်းဝတ္ထုရှည် ၂ ပုဒ်




mgyoe.com

mgyoe.com

# မြတ်သင်း

## မြကျွန်းမြိုင်မဟူရာဘုံ

စာရေးသူ၏
မဂ္ဂဇင်းဝတ္ထုရှည် ၂ ပုဒ်



ISBN9789997117366
FIC 139
9 789997 117366
1,500.00KS

mgyoe.com

မြကျွန်းမြိုင် မဟာရာဘုံ၊ မြတ်သင်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၃၀ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စာမွန်ခန်းသာစာအုပ်စင်

# မြကျွန်းမြိုင် မဟူရာဘုံ

## မြတ်သင်း

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

# စာမွန်ခန်းသာ

စိတ်ကူးချိုချို၏ အပိုးနည်းဝန်ပါ
ရသစာအုပ်ကောင်းလေးများ
အစီအစဉ် ဖြစ်ပါသည်။

ဝတ္ထုလတ်တစ်ပုဒ်(သို့မဟုတ်)နှစ်ပုဒ်သော်လည်းကောင်း၊
ဝတ္ထုတိုသုံးပုဒ်(သို့မဟုတ်)ငါးပုဒ်သော်လည်းကောင်း
ရသစာမွန်စာကောင်းများ ရွေးချယ်စုစည်းသွားပါမည်။

အချိန်ရှားပါး ခေတ်လူသားများသို့ အထူးရည်ရွယ်လျက်
ပေါ့ပေါ့ပါးပါးလည်းရှိ၊ တန်ကြေးလည်း မများ၊
ခရီးဆောင်လည်းဖြစ်၊ ညောင်ခန်းသာမှာလည်း ညော့ခံ၊
စာဖတ်ဝလေ့ အထောက်အကူလည်း ပြုရလေအောင်
ရည်ရွယ်စီစဉ်လိုက်ကြခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

# မာတိကာ

၁။ မြကျွန်းမြိုင် ၁
၂။ မဟူရာဘုံ နှင်းဆီမှုန်ပြီ ၄၆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com


# မြကျွန်းမြိုင်

## (၁)

ထိုနေ့ကား မြကျွန်းမြိုင်တွင် မိုးစတင်ရွာသွန်းသောနေ့ ဖြစ်လေသည်။ ယင်းသို့ မိုးစတင်ရွာသွန်းသော နေ့ဖြစ်သဖြင့်လည်း အမှတ်ထင်ထင် ဖြစ်နေရပေသည်။

နံနက်ပိုင်းကမူ နွေ၏သရုပ်သည် ပီပြင်ဆဲပင်ရှိသေး၏။ မိုင်းသုန်တောင်တန်းကြီး၌ မြူခိုးတို့ဝေလျက်ရှိသည်။ မြူခိုးတို့သည် ဖားလျားဖြန့်ချထားသော ဆံခြည်မျှင်များသဖွယ် တောင်တန်းအိုကြီး၏ ပခုံးထက်တွင် လွှင့်ဝဲနေကြသည်။ ခဏအကြာတွင်ပင် ခဲသားရောင်တိမ်တိုက်ကြီးတစ်ခုသည် ရုတ်ခြည်းရောက်ရှိလာကာ မိုင်းသုန်တောင်ထွတ်ကို ထိုးဆိတ်စ ပြုလာသည်။ ထို့နောက် ခဲသားရောင်တိမ်တိုက်များ တစ်ခုပြီးတစ်ခု စုရုံးရောက်ရှိလာကြကာ မိုင်းသုန်တောင်တန်းတစ်ခုလုံး၌ မြဲမြံသော ခြေသည်းတို့ဖြင့် ကုတ်ခြစ်ခိုနားလာခဲ့ကြ၏။ လေအဝှေ့၌ ယင်းတို့၏ အတောင်ရှည်ကြီးများကို ဖြန့်လိုက်သောအခါတွင်ကား မှုံးမြစ်ဖျား၏ စိမ်းလဲ့သောရေပြင်သည် ခဲသားရောင်လွှမ်းသွားတော့၏။ တိမ်တိုက်တို့

mgyoe.com

mgyoe.com


သည် အနောက်ဘက် ပလူသာတောင်တန်းငယ်အထိ ဖြန့်ကြက်သွားကြ လေရာ မြကျွန်းမြိုင်တစ်ခုလုံးသည် မှုန်မှိုင်းလျက်ရှိတော့၏။ ထို့နောက် မိုးပေါက်များသည် ကျွန်းရွက်ဖားဖားကြီးများပေါ်သို့ တဝေါဝေါ အော် မြည်ပြိုဆင်းလာခဲ့ကြ၏။

ဆင်ကြီးတိုးလုံသည် ကျွန်းတုံးကြီးကို သံကြိုးတချွင်ချွင်ဖြင့် ဆွဲနေ ရာမှ နှာမောင်းကိုမြှောက်လျက် မိုးရေစက်များကို သောက်လိုက်၏။

"ဘာဘူရေ... ဘာဘူ ဆွဲဟေ့ ဆွဲဆွဲ"

"မလေးရေ ဆွဲကွ ဆွဲဆွဲ"

"တက် တက်"

"မိုင်း မိုင်း"

"ဟောင်း ဟောင်း"

ဆင်သမားတို့၏ သစ်ဆွဲနေသော ဆင်များကို အားပေးသံသည် မိုးသံနှင့်အပြိုင် ပေါ်ထွက်လာ၏။ သစ်ကွက်ထဲတွင်ကား လွှဆွဲသံနှင့် အတူ ကျွန်းပင်ကြီးများသည် တဝုန်းဝုန်း လဲပြိုလျက်ရှိကြ၏။

လဲပြိုနေသော ကျွန်းပင်ကြီးတစ်ပင်အနီး၌ ရပ်လျက်ရှိသော သင်း အောင်သည် မိုးပေါက်ကြမ်းများ အုန်းအင်းသွန်ကြနေသော ကောင်းကင် ကို တစ်ချက်မျှ မော့ကြည့်လိုက်၏။ ထို့နောက် တစ်စုံတစ်ရာ ထူးခြားမှု မရှိဟန်ဖြင့် သစ်ဖြတ်ပိုင်းပေးခြင်းကို ဆက်၍လုပ်နေသည်။ သူသည် သစ်လုံးတွင် ဓားဖြင့်ထစ်၍ ဖြတ်ရမည့်နေရာများကို မှတ်သားပေး၏။ ပယ်ရမည့်နေရာများကိုလည်း ဓားဖြင့်ထစ်ပေးသည်။ ထို့နောက် သစ်လုံး ပေါ်တွင် တံဆိပ်တုံးထုရိုက်ပြီး သင်္ကေတပြုလိုက်၏။

မိုးထစ်ချုန်းရွာသွန်းသံများကို လူသံ၊ ဆင်သံ၊ သစ်ပင်လဲပြိုသံ များက အနိုင်ရစပြုလာ၏။ ထိုစဉ်တွင် ကျွန်းပင်များအကြားမှ ပြေးလာ နေသော ဦးပေါက်ကျော်ကို မြင်ရ၏။

mgyoe.com

mgyoe.com


သင်းအောင်အနီးသို့ ရောက်သောအခါ၌ ဦးပေါက်ကျော်၏ နံရိုး ပြိုင်းပြိုင်းထသော ရင်သည် ဖားဖိုသဖွယ် လှုပ်ရှားနေသည်။ ဦးပေါက် ကျော်၏တစ်ကိုယ်လုံးသည်လည်း မိုးရေတို့ဖြင့် ရွှဲရွှဲစိုနေ၏။

"ဝန်ထောက်မင်း... ဝန်ထောက်မင်းကို..."

"လာပြန်ပြီလား... ဒီဝန်ထောက်မင်း"

သင်းအောင်သည် ဦးပေါက်ကျော်၏ အခေါ်အဝေါ်ကြောင့် စိတ် မသက်မသာ ဖြစ်သွားကာ မျက်လုံးအိမ်ကိုရှုံ့၍ ညည်းညူလိုက်၏။

"အဲ... အဲ ဆရာ့ကို တွေ့ချင်လို့တဲ့၊ စခန်းမှာ အမျိုးသမီးတစ်ယောက် ရောက်နေပါတယ်ဆရာ"

"ဘာဗျ အမျိုးသမီးတစ်ယောက်ဟုတ်လား၊ ဘယ်သူတဲ့လဲ"

"အဲဒါတော့ မသိပါဘူးဆရာ၊ အကဲခတ်ရတာ ဒီနယ်တစ်ဝိုက် ကတော့ ဟုတ်ဟန်မတူဘူး၊ အမျိုးသမီးကတော့ ငယ်ငယ်ချောချောပဲ၊ ဝဲလာဗိုလ်တဲက လိုက်ပို့လိုက်တာ"

သင်းအောင် စိတ်ရှုပ်သွားသည်။ အလုပ်တွေက တစ်ပုံကြီးကျန် နေသေး၏။

"ဆရာလိုက်သွားပါလား၊ ကျွန်တော်ပဲ ကျန်တဲ့သစ်တွေ ဖြတ်ပိုင်း ပေးရစ်ပါ့မယ်"

သစ်အုပ်ကလေး ကိုကံမြိုင်က ပြော၏။

သို့နှင့် သင်းအောင်သည် ပဟောဋ္ဌိတစ်ပုဒ်ကို ခေါင်းထဲတွင် ထည့် သွင်းလျက် ဦးပေါက်ကျော်နှင့်အတူ စခန်းသို့ပြန်ခဲ့ရ၏။

မိုးကား ကောင်းကင်မှ မြစ်မကြီး ကျိုးကျသည့်နှယ် တဝုန်းဝုန်း ရွာချနေဆဲပင် ရှိသေးသည်။

အမျိုးသမီးတစ်ယောက်တဲ့။ ငယ်ငယ်ချောချောတဲ့။

မိုးဦးရေစင်နှင့်အတူ မြကျွန်းမြိုင်သို့ ပျံကျသက်ဆင်းလာသော

mgyoe.com

mgyoe.com


ဒေဝစ္ဆရာသည် မည်သူများပါလိမ့်။

(၂)

ဘယ်လိုမှလည်း မျှော်လင့်မထားခဲ့မိ။

တောသာခေါင်၏အလယ်မှ မြကျွန်းမြိုင်တည်းဟူသော ဤစခန်းငယ်သို့ တောင်စဥ်ခုနစ်ထပ်တို့ကို ကျော်ကာ ဤလုံမပျိုသည် ရောက်လာလိမ့်မည်ဟု စိုးစဉ်းမျှ မျှော်လင့်မထားခဲ့မိ။ ထို့ကြောင့် သင်းအောင် အံ့အားသင့်သွားသည်။

"ဟေး... နှင်းရီ"

"ဟင်... ကိုအောင်"

နှင်းရီက ဝမ်းသာအားရ သင်းအောင်ရှိရာ တံခါးဝသို့ ပြေးလာသည်။ သင်းအောင်က နှင်းရီ၏ပခုံးကို ဖက်လိုက်ရင်း တဲအတွင်းသို့ အတူ လှမ်းဝင်လာခဲ့ကြ၏။ သည်တွင် နှင်းရီ၏ပခုံးသည် ဆတ်ခနဲ တွန့်ရှုံ့သွားကာ နှင်းရီ၏ကိုယ်ကလည်း တစ်ဖက်သို့ ယို့ယိမ်းသွား၏။ သည်တော့မှ သတိမူမိသည်။ ယခင်ကမူ သင်းအောင် တက္ကသိုလ်မှ ကျောင်းပိတ်၍ပြန်လာတိုင်း အိမ်ဝတွင် အသင့်စောင့်နေတတ်သော နှင်းရီအား ဤသို့ပင် ပခုံးကိုဖက်၍ ခေါ်ခဲ့မြဲဖြစ်၏။

ယခုမူ နှင်းရီသည် အပျိုဖော် ရွယ်မစေ့ခင်က ငယ်ဓလေ့ဂေါ်ရီလေး မဟုတ်တော့ပါလား။ အရွယ်မြောက်၍ ရိုက်ဖိုကြီးငယ် အသွယ်သွယ်တို့နှင့် တင့်တယ်သော နှင်းရီဖြစ်နေချေပြီတကား။ ထိုအသိက သင်းအောင်၏သွေးတိုးနှုန်းကို မြန်စေသည်၊ နှင်းရီ၏ ရင်ခုန်သံကိုလည်း ဆူညံစေသည်။

"ဩော်... ကိုအောင့်ကိုယ်က မိုးရေတွေ နှင်းရီကို ရွှဲကုန်တော့မှာပဲ"

အမှတ်မထင် ပြောလေဟန်ဖြင့် ပြောရင်း သင်းအောင်က သိုင်းဖက်

mgyoe.com

mgyoe.com


ထားသောလက်ကို ဖြေလျှော့လိုက်၏။

"မေမေကြီးလည်းပါတယ် ကိုအောင်ရဲ့၊ ဝဲလာဗိုလ်တဲမှာ နေရစ်ခဲ့တယ်"

"မေမေလည်းပါတယ်... ဟုတ်လား၊ ဘယ်လိုက ဘယ်လို ရောက်လာကြတာလဲ နှင်းရီတို့ရယ်၊ တကယ့်ခရီးရှည်ကြီးကို လိုက်လာကြတယ်ဟေ့... အံ့ရော"

"ကဲ... ကဲ... ပြီးမှ အေးအေးဆေးဆေး စကားပြောကြ၊ ဆရာ့တစ်ကိုယ်လုံးလည်း မိုးရေတွေရွှဲလို့၊ အဝတ်လဲလိုက်ဦး... အအေးမိနေမယ်၊ မိုးကလည်းတော် ဒီနေ့မှ ရွာလိုက်ရတာ"

ဦးပေါက်ကျော်၏ဇနီး ဒေါ်ငွေရင်က ပြောသည်။ နှင်းရီသည် အခန်းထဲသို့ ပြေးဝင်သွား၍ တဘက်တစ်ထည်ယူပြီး ပေး၏။ တဘက်ဖြင့် သင်းအောင်ရေသုတ်နေစဉ် လဲလှယ်ရန် အဝတ်တစ်စုံကိုကိုင်ပြီး ဘေးမှစောင့်နေ၏။

"ဖောမိရိပ်သာဆရာတော်ရဲ့ ကမ္မဋ္ဌာန်းတိုက်ခွဲတစ်ခု ပင်လယ်ဘူးမှာ ရှိတယ်လေ၊ အဲဒီရိပ်သာမှာ တစ်လလောက် တရားအားထုတ်ရင်း ကိုအောင်နဲ့လည်း တွေ့ရင်းဆိုပြီး ဆရာတော်ကြီးနဲ့အတူ လိုက်လာခဲ့ကြတာ"

"ဩော်... နှင်းရီရော ကမ္မဋ္ဌာန်းထိုင်မလို့ပေါ့"

နှင်းရီက သင်းအောင်မေးခွန်းကို သဘောကျသွားပြီး ပြုံးလိုက်၏။

"နှင်းရီ ဒီလောက် မပြည့်ဝသေးပါဘူး ကိုအောင်ရယ်၊ မေမေကြီးပဲ ကမ္မဋ္ဌာန်းထိုင်မှာပါ"

"မေမေ့ရောဂါရော သက်သာရဲ့လား နှင်းရီ"

"စိတ်ရောကိုယ်ပါ အနားယူတာနဲ့အမျှ ကျန်းမာရေးအခြေအနေကောင်းလာမယ်လို့ ဒေါက်တာဝင်းကြိုင်က ပြောပါတယ် ကိုအောင်၊

mgyoe.com

mgyoe.com


ဒီဘက်ဒေသမှာ တောရိပ်တောင်ရိပ်နဲ့ ရာသီဥတုသာယာပြီး လေကောင်း လေသန့်လည်းရတာမို့ မေမေကြီး တရားအားထုတ်မယ့်ကိစ္စကို ဒေါက်တာ ကလည်း သဘောတူတိုက်တွန်းပါတယ်"

နှင်းရီသည် အဝတ်ရေစိုများကို ညှစ်၍ ကြိမ်ကြိုးတန်းတွင်လှန်း ရင်း ရှင်းပြ၏။

"ကိုအောင် နှင်းရီနဲ့ မတွေ့တာတောင် အတော်ကြာနေပြီနော်"

"ကြာဆို ကိုအောင် နောက်ဆုံးနှစ်ကျောင်းပိတ်လို့ ပြန်လာတုန်း ကတည်းက မတွေ့ရတော့တာပဲ၊ အဲဒီတုန်းက နှင်းရီ အေးငြိမ်းကို ပြန် နေတုန်းမို့ လွဲသွားတယ်"

"ကိုအောင် အလုပ်ထဲရောက်ပြီး ခွင့်ပြန်လာတိုင်းလည်း လွဲလွဲနေ တော့ မတွေ့ကြတာ သုံးနှစ်တောင် ရှိသွားပြီ..."

"ကိုအောင်ကလည်း ကြိုတင်အကြောင်းမကြားဘဲ ပြန်ပြန်လာတာ ဆိုတော့ မတွေ့ကြဘူးပေါ့"

အဝတ်လှန်းသော ကြိမ်ကြိုးတန်းက အတန်ငယ်မြင့်သည်။ ထို့ ကြောင့် နှင်းရီသည် ခြေဖျားထောက်၍ အဝတ်များကို လွှားတင်နေရ၏။ ခြေဖျားထောက်ထားသော နှင်းရီ၏ ကိုယ်ဟန်သည် ကြယ်စင်ကိုလှမ်း ဆွတ်နေသော ကိန္နရီရုပ်ကလေးကဲ့သို့ နွဲ့လျနေသည်။

"မေမေတို့ဆီကိုတော့ နက်ဖြန်မှ သွားလို့ဖြစ်မယ်၊ နှင်းရီလည်း ခရီးပန်းလာတော့ ဒီနေ့ နားဦးပေါ့"

"ကိုအောင့်သဘောပါ"

နှင်းရီက ပြောသည်။ ဒေါ်ငွေရင်ကလည်း မီးဖိုထဲမှ လှမ်းပြော၏။

"အတော်ပဲ၊ ဝဲလင်ကို ဆရာတို့သွားရင် ကျုပ်လည်းလိုက်ခဲ့ဦးမယ်၊ ငရုတ်၊ ကြက်သွန်လည်း ဝယ်ဖြည့်ရင်း၊ ဟင်းလျာလည်း ဝယ်ရင်းနဲ့"

"လိုက်ခဲ့ပါ ဒေါ်ငွေရင်၊ နှင်းရီလည်း အဖော်ရတာပေါ့"

mgyoe.com

mgyoe.com


နှင်းရီသည် တံစက်မြိတ်မှ ယီးယိုးခို၍ ခုန်ဆင်းနေကြသော မိုးရေစက်များကို ငေးစိုက်နေမိ၏။ မိုးရေစက်ကလေးသည် ပိန်းဖက်ပေါ်သို့ ခုန်ဆင်းလိုက်၏။ ထို့နောက် ပိန်းဖက်ပေါ်တွင် ပုလဲလုံးကလေးသဖွယ် ချာချာလည်ရင်း အဖော်ကို စောင့်သည်။ အပေါ်မှ မိုးရေစက်များ တစ်စက်ပြီးတစ်စက် ခုန်ဆင်းလာကြမှ ပေါင်းဆုံမိကြကာ ပိန်းဖက်ပေါ်မှ မြေပြင်ပေါ်သို့ လျှောဆင်းသွားကြ၏။

"ကိုအောင်... ရေနွေးကြမ်းပူပူလေး သောက်လိုက်ပါလား... ဓာတ်ဘူးထဲမှာရှိတယ်"

သင်းအောင်သည် ရေနွေးပူပူတစ်ခွက်ကို မှုတ်၍သောက်လိုက်၏။ အနွေးဓာတ်သည် တစ်ကိုယ်လုံး၌ ပျံ့နှံ့သွား၏။

"အင်း... ဘဘဖိုးခေါင်ဆုံးသွားတုန်းက..."

ဖျတ်ခနဲ ညှိုးနွမ်းသွားသော နှင်းရီ၏သနားစဖွယ် မျက်နှာလေးကြောင့် သင်းအောင်သည် စကားကို အဆုံးမသတ်ဘဲ ရပ်ပစ်လိုက်၏။ အညှို့ကို ဆွဲယူခြင်းခံရသော လေးကိုင်းကဲ့သို့ နှင်းရီ၏ခေါင်းသည် ပခုံးဝန်းပေါ်သို့ ငုံ့ကျသွား၏။ ကွယ်လွန်သွားသော ဖခင်ကို လွမ်းဆွတ်သောဝေဒနာသည် တသိမ့်သိမ့် လွှမ်းမိုးလာခဲ့၏။ သင်းအောင်သည်လည်း နှင်းရီနှင့်ထပ်တူပင် ဘဘဖိုးခေါင်အား သတိရတမ်းတမိ၏။ အေးငြိမ်း၏ပိတောက်တန်းဝယ် မိမိအား ပခုံးတွင် ထမ်းရင်း လမ်းလျှောက်လေ့ရှိသော ဘဘဖိုးခေါင်၊ နှင်းရီအား ဝဲလက်ဖြင့် အရုပ်တစ်ခုပေးလျှင် မိမိအားလည်း ယာလက်ဖြင့် အရုပ်တစ်ခုပေးရမှ ကျေနပ်လေ့ရှိသော ဘဘဖိုးခေါင်၊ စင်စစ် ဘဘဖိုးခေါင်သည်...

(၃)

"မင့် ဘဘဖိုးခေါင်ဟာ မေမေတို့မိသားစုအပေါ်မှာ ဘယ်လောက်

mgyoe.com

mgyoe.com


ကျေးဇူးပြုခဲ့တယ်ဆိုတာ မေမေ အထူးပြောဖို့လိုမယ် မထင်ပါဘူးနော် သား"

မေမေ၏စကားသံသည် တူရိယာအားလုံးကို တစ်ပြိုင်နက် တီးမှုတ်လာစေရန် ဦးဆောင်အစပျိုးလိုက်သော တယောသံကလေးကဲ့သို့ နွဲ့ပြေလျက်ရှိ၏။ မေမေ ဘာကိုပြောလို၍ သည်စကားကို ဆိုဘိသနည်း။

ဝဲလာဗိုလ်တဲ၏ ပတ်ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိ၏။ ဝဲလာဗိုလ်တဲသည် လှပမှုဖြင့် ကျော်ကြားသော ဗိုလ်တဲတစ်ခုဖြစ်၏။ ကုန်းမြင့်ပေါ်တွင် တည်ဆောက်ထားသဖြင့်လည်း မြင်ကွင်းကျယ်ဝန်းကျင်ရှုခင်းက သာယာသည်။ ကုန်းမြင့်ဆင်ခြေလျှောပေါ်တွင် အကွက်ကျစိုက်ထားသော အင်ကြင်း၊ ပိတောက်၊ ပျဉ်းမ၊ ငု၊ စွယ်တော်၊ စိန်ပန်းနှင့် ဖွားဖက်တော်ပင်တို့ဖြင့် ဝေစည်လျက်ရှိ၏။ နွေရာသီတွင်သာဆိုပါက ပင်လုံးကျွတ်ပွင့်သော ပင်ပျိုတို့၏ အဆင်အသွေးစုံဖြင့် ကုန်းမြင့်တစ်ခုလုံး ရွှန်းလက်နေတတ်သည်။ လရောင်အောက်၌ အရောင်ချင်း ညှိနေကြသော ပန်းရဂုံ၏အလှကို တမေ့တမော ငေးကြည့်နေရသည့် အရသာကား သင်းအောင်အဖို့ မမေ့နိုင်အောင် ထူးခြားလှပေသည်။ ပန်းရောင်စုံတို့ကြွေသက်ပြီး ယခုလို မိုးရာသီ၌လည်း ဖိတ်လက်စိမ်းညို့နေသော သစ်ရွက်တို့၏အလှသည် မျက်စိကို အေးစေလျက်ရှိ၏။ လေအဝှေ့၌ ပေါ်ထွက်လာတတ်သော ရွက်ချင်းခတ်သံများကလည်း စိတ်ကို ငြိမ်းချမ်းစေသည်။

"ဘဘဖိုးခေါင်ကို သားလည်း အမြဲ သတိရနေပါတယ် မေမေ"

သင်းအောင်သည် ခံ့ညားတည်ကြည်သော ဣန္ဒြေကိုဆောင်ပါလျက် အပြုံးရိပ်လဲ့လဲ့ပြေးနေတတ်သော ဘဘဖိုးခေါင်၏မျက်နှာကို မြင်ယောင်မိ၏။ သင်းအောင်တို့ဖေဖေဆုံးတော့ မေမေသည် အသက်သုံးဆယ်ကျော်အရွယ် ငယ်နုဆဲပင်ရှိသေး၏။ အေးငြိမ်း၏တမျှော်တခေါ်

mgyoe.com

mgyoe.com


သော လယ်ကွင်းများအလယ်တွင် မေမေသည် သင်းအောင်ကို ပွေ့ပိုက်ရင်း အားကိုးရာမဲ့ တုန်လှုပ်ခဲ့ရ၏။

"ဆရာကြီးမရှိတော့ပေမဲ့ ဘာမှ အားမငယ်ပါနဲ့ ဒေါ်ဟန်... ဆရာကြီးရှိတုန်းကလိုပဲ ဖိုးခေါင် သစ္စာရှိမယ်ဆိုတာ စိတ်ချပါ"

ဘဘဖိုးခေါင်၏ စကားသည် ဆိုခဲစေမြဲစေဆိုသော အင်္ဂါရပ်နှင့် ညီညွတ်ခဲ့၏။ မေမေသည် စီးပွားရေး၌ အာရုံမပြုတော့။ သီလဆောက်တည်ရင်း ပုတီးစိပ်ရင်း သောကပရိဒေဝကို ငြိမ်းသတ်ရန်သာ ကြိုးစားနေခဲ့၏။ လယ်ယာလုပ်ငန်းကြီးတစ်ခုလုံးကို ဘဘဖိုးခေါင်က ဦးစီးကြပ်မတ်၍ ဆောင်ရွက်ခဲ့၏။ ဘဘဖိုးခေါင်၏ စေတနာတွင် အကြားအလပ်မရှိပေ။ ယုတ်စွအဆုံး အေးငြိမ်းသို့ ဟင်းသည်လာလျှင်ပင် အသားအကောင်းဆုံး ဟင်းတွဲကို သင်းအောင်တို့အိမ်သို့ ပို့၏။ သူ့အိမ်အတွက်မူ ဒုတိယဟင်းတွဲကိုသာ ဆွဲ၍ ပြန်သွားလေ့ရှိ၏။

နွေတစ်ညကမူ အေးငြိမ်း၌ မီးအကြီးအကျယ်လောင်သည်။ ချောင်းဦးချောင်မှ စတင်လောင်ခြင်းဖြစ်၍ ဘဘဖိုးခေါင်တို့အိမ်နှင့် တစ်လမ်းသာခြား၏။ မီးစွယ်မီးညွန့်များသည် မကောင်းဆိုးရွားတို့၏ သွေးဆာနေသော လျှာကြီးများသဖွယ် တလူလူ ဝှေ့ယမ်းလျက်ရှိကာ တဲအိမ်များကို လိပ်ယှက်ဝါးမျိုပစ်နေ၏။ ဘဘဖိုးခေါင်တို့အိမ်ခေါင်မိုးပေါ်သို့ မီးဖွားများ တဖြောက်ဖြောက် ကျဆင်းကာ မီးခိုးများအူလာသည်။

"အေးနွဲ့ရေ... ငါတော့ ဒေါ်ဟန်တို့အိမ်ကိုပြေးပြီး ပစ္စည်းတွေသယ်မှဖြစ်မယ်။ ဒေါ်ဟန်တို့မှာရှိမှ တို့စားရမှာ... ဒေါ်ဟန်တို့မွဲရင် တို့လည်းငတ်မှာပဲ... နင်တို့သားအမိ လွတ်ရာကိုသာ ပြေးနှင့်ကြ"

ဘဘဖိုးခေါင်သည် ဤသို့လျှင် မိမိအိမ်ကိုပစ်၍ သင်းအောင်တို့အိမ်ဆီသို့ပြေးလာခဲ့၏။ ဘဘဖိုးခေါင် မရောက်မီတွင်ပင် လေရူးနှင့်အတူ တောင်ဘက်မှ တစ်ဟုန်ထိုး စွဲလောင်လာသော မီးညွန့်သည် နဂါးတစ်ကောင်

mgyoe.com

mgyoe.com


သဖွယ် သင်းအောင်တို့အိမ်ကို ရစ်ဖွဲ့လျက်ရှိချေပြီ။ ဘဘဖိုးခေါင်သည် သင်းအောင်တို့သားအမိကို ရွာသားများလက်သို့ အပ်၍ ရွာပြင်သို့ထွက်ပြေးစေ၏။ သူကမူ အိမ်တွင်ကျန်ရစ်လျက် မီးလျှံတို့၏ ခံတွင်းအတွင်းသို့ အသက်စွန့်ဝင်ရောက်သည်။ ထို့နောက် ပစ္စည်းသေတ္တာများကို တစ်ခေါက်ပြီးတစ်ခေါက် သယ်ယူ၍ ရေတွင်းထဲသို့ ပစ်ချပေးခဲ့၏။

ခင်ပွန်းဆုံးသဖြင့် သောကမီးမငြိမ်းမီ အိမ်ကိုပါ ထပ်ဆင့် မီးလောင်ခံရပြန်သောအခါ၌ မေမေသည် ညှိုးချုံးခဲ့ရ၏။

ဘဘဖိုးခေါင်၏ သက်စွန့်ဆံဖျားလုံ့လကြောင့် မီးမခဲ့သောအတွင်းပစ္စည်းအားလုံးကို ဘဘဖိုးခေါင်အား ပုံအပ်ကာ မေမေသည် ရှိုက်ငိုနေခဲ့၏။ ဘဘဖိုးခေါင်၏ အစီအစဉ်အရပင် မေမေသည် အေးငြိမ်းကိုစွန့်ခွာ၍ မန္တလေးသို့ ပြောင်းရွှေ့အခြေစိုက်ခဲ့၏။ ဘဘဖိုးခေါင်သည် ရတနာပစ္စည်းများကို ထုခွဲလျက် 'ကျွန်းရွှေဝါ' သစ်စက်ကို တည်ထောင်အုပ်ချုပ်ခဲ့၏။ ကျွန်းရွှေဝါ၏ လည်ပတ်နေသော စက်သွားဘီးများကြောင့် မေမေသည် မန္တလေးနှင့် စစ်ကိုင်းတောင်ရိုးတို့၌ စိတ်တိုင်းကျ ကုသိုလ်ကောင်းမှုများ ပြုနိုင်ခဲ့ရသလို သင်းအောင်သည်လည်း သစ်တောဘွဲ့ကို ရယူပြီး သစ်ထုတ်ရေး ဒုတိယမန်နေဂျာတစ်ဦးအဖြစ် လူလားမြောက်ခဲ့ရသည်။

"ကိုဖိုးခေါင်ဆုံးသွားတဲ့အခါမှာ တကယ်လို့ မအေးနွဲ့ရှိနေသေးရင်တောင်မှ နှင်းရီကို စောင့်ရှောက်ဖို့ မေမေတို့မှာ အဓိက တာဝန်ရှိတယ်၊ ခုတော့ မအေးနွဲ့ကလည်း ဆုံးပါးပြီးဖြစ်တာမို့ နှင်းရီလေးရဲ့ဘဝ တင့်တင့်တယ်တယ်ဖြစ်အောင် ပြုစုရမယ့်တာဝန်ဟာ မေမေတို့ပခုံးပေါ်မှာ လုံးလုံးလျားလျား ကျရောက်နေခဲ့ပြီ"

"ဟုတ်ပါတယ်မေမေ"

"ကိုဖိုးခေါင်ဆုံးပြီးစက ကျောင်းလည်း ဆက်မတက်ချင်တော့ဘူး၊

mgyoe.com

mgyoe.com


အေးငြိမ်းကို စိတ်ပြေလက်ပျောက် ပြန်ပြီးနေပါရစေလို့ နှင်းရီက အတန်တန် ခွင့်တောင်းတယ်၊ သူ့ဒွေးလေးအရင်း မအေးလှဲ့ရှိနေတာမို့ မေမေ ခွင့်ပြုခဲ့တယ်၊ မအေးလှဲ့တို့က ဆွေမျိုးမကင်းတဲ့ လူတစ်ယောက်နဲ့ နှင်းရီကို ဇွတ်ပေးစားမယ် လုပ်ကြသတဲ့၊ နှင်းရီလည်း မေမေ့ဆီကို ပြန်ပြီးပြေးလာခဲ့ရတယ်၊ မေမေလေ နှင်းရီကို အေးငြိမ်းပြန်လွှတ်မိရကောင်းလားဆိုပြီး ကိုယ့်ကိုယ်ကိုယ် အတော် မကျေမနပ်ဖြစ်မိခဲ့တယ်၊ ယူကျုံးမရဖြစ်ပြီး စိတ်လည်းဆင်းရဲခဲ့ရတယ်”

သင်းအောင်သည် မေမေ၏ ငွေခြည်ရောင်ဆံပင်များကို ငေးစိုက်ကြည့်နေမိ၏။ ဇရာသည် မေမေ၏ပါးပြင်၌ အတွန့်အရေတို့ကို ထုဆစ်ထားခဲ့ချေပြီ။

“မဆိုစကောင်း အေးငြိမ်းမှာသာ နှင်းရီရဲ့ဘဝ နစ်မွန်းပျက်စီးခဲ့ရရင် မေမေတို့ တော်တော်ကို ကျေးဇူးမသိတတ်ရာ ရောက်ကြလိမ့်မယ်၊ မေမေလည်း အသက်ကြီးပြီ သား၊ သောကရဲ့အမောဒဏ်ကို မေမေ မခံနိုင်တော့ဘူး၊ အေးအေးဆေးဆေး တရားနဲ့နေချင်ပြီ၊ ပြီးတော့ မေမေ့နှလုံးရောဂါကလည်း စိတ်ချမ်းသာမှ ကိုယ်ကျန်းမာမယ်ဆိုတဲ့ ရောဂါမျိုး၊ ဒါပေမဲ့ ခုထိပဲ သားနဲ့နှင်းရီတို့အတွက် မေမေ နောက်ဆံတင်းနေရတုန်းရှိသေးတယ်၊ ဒီတော့ သားကို အရေးတကြီး ပြောချင်တာတစ်ခုရှိလို့ မေမေ ဒီအထိ လိုက်လာခဲ့တာပဲ သား”

မေမေက ချိန်ဆစဉ်းစားနေဟန်ဖြင့် စကားကိုရပ်လိုက်ပြီး သင်းအောင်၏မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ပြီးမှ ဆက်၍ပြော၏။

“သားအတွက်ရော နှင်းရီအတွက်ပါ မေမေစိတ်အေးရအောင် သားကို နှင်းရီနဲ့ မေမေ ထိမ်းမြားပေးချင်တယ်၊ မေမေ့ကိုယ်စား နှင်းရီကို တာဝန်ယူစောင့်ရှောက်ပေးပါလား သားရယ်”

မေမေသည် ကြီးမားလေးလံသော ဝန်ထုပ်ကြီးတစ်ခုကို သင်း

mgyoe.com

mgyoe.com


အောင်၏ခေါင်းထက်သို့ တင်ပေးလိုက်သကဲ့သို့ရှိ၏။ သင်းအောင်သည် နှုတ်ခမ်းကို လောင်မြိုက်မတတ် ပူလောင်သော သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်မိ၏။ တောရဂုံ၏အလယ်တွင် ရောက်နေပါလျက် သဲကန္တာရထဲတွင် ရှိနေသလို ပူလောင်သော ဝေဒနာကို ခံစားနေရသည်။ ပင်ပျို့တို့မှ ရွက်ချင်းခတ်သံများကလည်း သင်းအောင်အား သန္တရသကို မပေးစွမ်းနိုင်တော့။ သင်းအောင်၏ရင်သည် မွန်းကျပ်လျက်ရှိ၏။ တာဝန်ကိုသိသော အသိစိတ်က နှလုံးသားကို ဖိနှိပ်ကြည့်သည်။ တစ်ဖန် နှလုံးသားကလည်း သူ့ဝတ်ဆံအိမ်အတွင်းမှ မေတ္တာဝတ်မှုန်တို့ မပျက်ယွင်းရလေအောင် အသိစိတ်ကို တွန်းလှန်ပစ်ပြန်၏။ ဦးနှောက်နှင့် နှလုံးသား၊ တာဝန်နှင့် ချစ်ခြင်းမေတ္တာ၊ ဆင်ခြင်စိတ်နှင့် ခံစားမှုဝေဒနာ၊ ခွန်အားကောင်းသော သတ္တဝါနှစ်ဦးတို့သည် သင်းအောင်၏ရင်ခွင်လိုဏ်ဂူအတွင်း၌ ဆူညံစွာ ဟိန်းဟောက်လျက် တစ်ဦးကိုတစ်ဦး သဲသဲမဲမဲ ကိုက်ခဲသတ်ပုတ်နေကြသည်။

သင်းအောင်က အားယူ၍ မေမေ့ကိုပြော၏။

"မေမေ့စကားကို သားအမြဲပဲ နားထောင်ခဲ့ပါတယ် မေမေ၊ ဒီတစ်ခါတော့ သား ငြင်းပါရစေ၊ သားမှာ လက်ထပ်မယ်လို့ ရည်ရွယ်ထားတဲ့ ချစ်သူရှိပြီးနေပါပြီ မေမေ"

မေမေသည် သင်းအောင် ဤသို့ပြောလာလိမ့်မည်ဟု ကြိုတင်မျှော်လင့်ထားဟန်ရှိ၏။ သင်းအောင်၏စကားကြောင့် မေမေ့၌ တစ်စုံတစ်ရာ တုန်လှုပ်သွားသော အမူအရာ မတွေ့ရပေ။

"သား ဒီအသက်အရွယ်တောင် ရောက်နေမှတော့ သားမှာချစ်သူ ရှိနေလောက်ပြီဆိုတာ မေမေအသိသားပေါ့ သားရယ်၊ အေးလေ ဒါပေမဲ့ သားချစ်သူရဲ့ တစ်မျက်နှာပဲကိုမကြည့်ဘဲ ကိုဖိုးခေါင်တို့၊ မအေးနွဲ့တို့၊ နှင်းရီတို့ရဲ့မျက်နှာတွေကို ငဲ့စေချင်တယ်၊ ပြီးတော့ မေမေ့ကိုရော မေမေ့

mgyoe.com

mgyoe.com


ဝေဒနာကိုရောဆိုပါတော့ သားရယ်"

"သားတောင်းပန်ပါရစေ မေမေ၊ မဖြစ်နိုင်လွန်းလို့ တောင်းပန်နေတာပါ"

"ဒီကိစ္စဟာ မေမေ လွယ်လွယ်ကူကူ စဉ်းစားလာတဲ့ ကိစ္စမဟုတ်ဘူး သား၊ အဘက်ဘက်က တွေးတော အပြန်ပြန်အလှန်လှန် ရှေ့နောက်သုံးသပ်ပြီးမှ ဆုံးဖြတ်လာတဲ့ကိစ္စပါ၊ ပြီးတော့ နှင်းရီရဲ့သဘောထားကိုလည်း မေမေ စူးစမ်းကြည့်ပြီးပြီ၊ မငြင်းပါနဲ့လား သားရယ်"

"ခက်တယ် မေမေ၊ သိပ်ခက်တယ်"

သင်းအောင်သည် မိမိခေါင်းမှဆံပင်များကို လက်ဖြင့် တအားဆုပ်ညှစ်နေမိ၏။ ထို့နောက် မျက်လုံးအစုံတို့ကို လက်ဝါးဖြင့် တအားဖိနှိပ်ထားသည်။ သဲပူပေါ်သို့ ပစ်တင်ခြင်းခံရသော ငါးကဲ့သို့လည်း အသက်ရှူခက်နေမိ၏။ ဦးတည်ချက်မဲ့ အညှို့မှလွတ်ဘိသော မြားသဖွယ် ဤနေရာမှ ထွက်ပြေးချင်လှ၏။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍မရှိသော ဒေသသို့ သွားရောက် ခိုမှီချင်လှ၏။ အားလုံးကို မေ့ထားလိုက်ချင်သည်။

"ဟော... ဒေါ်ငွေရင်တို့၊ နှင်းရီတို့တောင် မြေလင်းက ပြန်လာကြပြီ၊ သိပ်လည်း စိတ်ရှုပ်မနေပါနဲ့ သားရယ်၊ သားကို မေမေ အကျပ်လည်းမကိုင်ချင်ပါဘူး၊ ဖြစ်သင့်တဲ့အတွက် ဖြစ်နိုင်ရင် ဖြစ်စေချင်တဲ့ မေမေ့ဆန္ဒကိုသာ ပြောတာပါ၊ ဒီလိုလုပ်ပါသားရယ်၊ သား သေသေချာချာ စဉ်းစားပါဦး၊ မေမေ ပင်လယ်ဘူးရိပ်သာမှာ တစ်လတိတိ အဓိဋ္ဌာန်ဝင်နေဦးမှာပါ၊ ဒီတော့ သားအဖို့ စဉ်းစားချိန် အများကြီး ရပါသေးတယ်၊ မေမေ ရိပ်သာက ပြန်လာတဲ့အခါမှာတော့ သား နောက်ဆုံး ဆုံးဖြတ်ချက်ချပြီး မေမေ့ကို အဖြေပေးနော် သား"

မေမေက စကားကိုဖြတ်ပြီး ထိုင်နေရာမှ ရပ်လိုက်၏။ နှင်းရီတို့

mgyoe.com

mgyoe.com


ဗိုလ်တဲပေါ်သို့ တက်လာကြသည်။

"ချေသားရခဲ့တယ် ဆရာရေ့၊ ဆရာ့ကို ခရမ်းချဉ်သီးများများနဲ့ နှပ်ပြီး ကျွေးရမယ်၊ အခြောက်လှန်းဖို့ပါ များများဝယ်လာခဲ့တယ်"

ဈေးခြင်းကို ကြမ်းပြင်ပေါ်သို့ချလိုက်ရင်း ဒေါ်ငွေရင်ကပြော၏။

"ဆရာစားချင်တယ်ဆိုတဲ့ ဖွတ်ဥကတော့ ရှာလို့ကိုမတွေ့ဘူး၊ လူကြုံရှိမှ ကောလင်းကိုမှာပြီး ဝယ်ပေးမယ်၊ တောဝက်သားတွေတော့ တွေ့လို့ ဝယ်လာခဲ့တယ်၊ အခေါက်နဲ့အသားချည်းပဲ၊ ကောင်းလိုက်ပုံများတော့..."

"ကိုအောင်ပြောတဲ့ ဆန်ခေါက်ဆွဲကို နှင်းရီ စားကြည့်ခဲ့ပြီ၊ နှင်းရီက နန်းကြီးမုန့်တီသမားပေမဲ့ နူးညံ့ပြီး စေးစေးလေးနဲ့ အရသာရှိလွန်းလို့ ဆန်ခေါက်ဆွဲကိုလည်း ခံတွင်းတွေ့ပါတယ်"

"မေမေ့ဖို့ရော ဘာဝယ်ခဲ့ကြသေးလဲ"

သင်းအောင်က မေးသည်။

"မေမေကြီးဖို့ ပေကုန်းကားဆိပ်က ကောက်ညှင်းဝယ်ခဲ့တယ်၊ ငှက်ပျောသီးတစ်လုံးလုံး ထည့်ထုပ်ထားတာမို့ သိပ်ချိုတာပဲ၊ မေမေကြီးနဲ့ တည့်ပါတယ်"

"ခဏနေတော့ စားတာပေါ့ကွယ်၊ ကဲ... ကဲ... အမောဖြေကြဦး"

မေမေက နှင်းရီတို့ကိုပြော၏။ ထို့နောက် ဒေါ်ငွေရင်အနီးသို့ ချဉ်းကပ်သွားသည်။

"ဒါနဲ့ ဒေါ်ငွေရင်၊ ကျွန်မ ပင်လယ်ဘူးရိပ်သာမှာ တရားအားထုတ်နေတဲ့အခိုက် နှင်းရီကို ဒေါ်ငွေရင်တို့ဆီမှာ အပ်ထားခဲ့ချင်ပါတယ်၊ အဲဒါ အဆင်ပြေမပြေ သိပါရစေ"

မေမေ့စကားသည် ဒေါ်ငွေရင်အား ဣန္ဒြေမဆည်နိုင်အောင် ပြုံးရွှင်သွားစေ၏။

mgyoe.com

mgyoe.com



"အဆင်ပြေပြီလား ဒေါ်ဒေါ်ရယ်၊ အဆင်ပြေလိုက်သမှ အလွန်ပဲ၊ ဟောဒီနှင်းရီသာ လိုက်လာရင်လေ ကျွန်မတော့ သမီးလေးတစ်ယောက် ရသလို သိပ်ပျော်မှာ၊ နှင်းရီအတွက်လည်း စိတ်သာချ၊ စခန်းမှာ မိန်းမ ဖော်တွေ အများကြီးရှိတယ်။ ကျန်းမာရေးအတွက် ဆေးဝါးအပြည့်အစုံနဲ့ ဘာမှပူစရာမလိုဘူးနော်... ဆရာရယ်"

ဒေါ်ငွေရင်က စကားအဆုံးသတ်တွင် သင်းအောင်ဘက်သို့ လှည့်၍ အဖော်ညှိလိုက်၏။

သင်းအောင်က ဘာမျှပြန်မပြောဘဲ ပြုံးနေလိုက်သည်။

အပြင်ဘက်တွင်ကား ဗိုလ်တဲကုန်းမြင့်၏ တောရဂုံသည် စိမ်းညို့သော ဣန္ဒြေဖြင့် တည်ငြိမ်လျက်ရှိပေ၏။

## (၄)

အရှေ့ကောင်းကင်ယံမှ ပျံတက်လာခဲ့သော ရဝိန်ဒေါင်းယာဉ်ပျံသည် ဝါးထရံပေါက်ကြားမှ နေပြောက်လေးတစ်ပြောက်ကို ဥချလိုက်၏။ နေခြည်ဥကလေးသည် သင်းအောင်၏မျက်နှာပေါ်သို့ကျပြီး ပေါက်ကွဲသွား၏။ သင်းအောင်၏မျက်လုံးထဲသို့ နေခြည်များစီးဝင်လျက် ကျိန်းစပ်သွားသည်။ သင်းအောင်သည် မျက်လုံးကိုပွတ်၍ လူးလဲထလိုက်၏။

"နေတောင် အတော်မြင့်မှကိုး"

ဝရန်တာသို့ ထွက်လိုက်သည့်အခါတွင်ကား စခန်းဝင်းထဲမှ ပြန်တက်လာသောနှင်းရီကို တွေ့ရသည်။ နှင်းရီ၏လက်ထဲ၌ ဝါးတံမြက်စည်းရှည်ကြီးတစ်ချောင်း ကိုင်စွဲထား၏။

"မျက်နှာသစ်ရေတွေ ဘာလို့ဆွဲတင်ထားတာလဲ နှင်းရီ၊ ကိုအောင် စမ်းချောင်းကိုသွားပြီး သစ်မှာပေါ့"

"မပင်ပန်းပါဘူး ကိုအောင်ရဲ့"

mgyoe.com

mgyoe.com


မျက်နှာသစ်ရေပုံး အနီးတွင် သွားတိုက်ဆေးညှစ်တင်ထားသော သွားပွတ်တံနှင့် ဆပ်ပြာတို့ကို အဆင်သင့်တွေ့ရသည်။ သင်းအောင်သည် မီးဖုတ်၍ ဆီရွှဲရွှဲဆမ်းထားသော ချေသားခြောက်နှင့် ကောက်ညှင်းပေါင်းတို့ကို ရေနွေးကြမ်းဖြင့် မျှောချပြီး သစ်ကွက်ထဲသို့ ထွက်လာခဲ့၏။ ရှုပ်ထွေးသော ဝေဒနာအတွေးများ မဝင်သာအောင် အလုပ်ဖြင့် ပိတ်ဆို့ကာကွယ်ထားလိုက်၏။

သို့သော် အလုပ်မှ ပြန်လာခဲ့ပြီးနောက် ညဦးပိုင်းတွင်ကား နှင်းရီနှင့်အတူ စမ်းချောင်းဘေးတွင်ထိုင်ရင်း မဆို၍မဖြစ်သော စကားကိုဆို၏။ အရွယ်စုံ ကျောက်ခဲလှလှလေးများသည် စွန့်ခွာပြေးနေသော စမ်းရေလျဉ်အား ကြေကွဲစွာ မျှော်ငေးကြည့်နေကြ၏။ လရောင်မျှင်တို့သည် စမ်းရေလျဉ်၏ လှိုင်းခလုတ်လေးများကို တစ်ခုစီ တို့ခတ်ဆော့ကစားလိုက်၏။ စမ်းချောင်းထဲမှ သံစဉ်ပြေပြစ်သော တေးသံလေး ပေါ်ထွက်လာခဲ့၏။

"နှင်းရီကတော့ မေမေ့အရိပ်လို ဖြစ်နေတာမို့ မေးရဦးမယ်၊ မေမေ့ကျန်းမာရေးအခြေအနေ ဘယ်လိုရှိသလဲ နှင်းရီ"

"ခုတလောမှာတော့ တော်တော်လေး ကောင်းနေပါတယ် ကိုအောင်၊ နှင်းရီ အေးငြိမ်းမှာ ဒုက္ခတွေ့ပြီး ပြန်လာတုန်းကတော့ တော်တော် ဆိုးဆိုးရွားရွား ကြုံလိုက်ရတယ်၊ အိပ်ရာထဲမှာ လဲတဲ့အထိပဲ၊ စိုးရိမ်ရတဲ့အတွက် ကိုအောင့်ဆီကိုတောင် သံကြိုးရိုက်တော့မလို့၊ အဲဒီနောက်ပိုင်းမှာတော့ အခြေအနေ တော်တော်ကောင်းလာပါတယ်"

ခင်ပုတ်ချိုပန်းရနံ့လေးများ မွှေးပျံ့လာ၏။ ချေဟောက်သံ၊ တောမျောက်အော်သံများကို သဲ့သဲ့မျှ တစ်ချက်တစ်ချက်တွင် ကြားရသည်။

"မေမေက နှင်းရီနဲ့ ကိုအောင်တို့အကြောင်း ဘာမှမပြောဘူးလား"

နှင်းရီက နှုတ်တုံ့မပြန်ဘဲ တိမ်စွန်းလကို ငေးစိုက်ကြည့်နေသည်။

"ဝဲလာဗိုလ်တဲမှာတုန်းက နှင်းရီနဲ့ကိုအောင့်ကို လက်ဆက်ပေးချင်

mgyoe.com

mgyoe.com


တဲ့အကြောင်း မေမေက ပြောခဲ့တယ်"

သစ်တောက်ငှက်ကလေးတစ်ကောင်၏ နှုတ်သီးခေါက်သံကို အတော်ကျယ်လောင်စွာ ကြားလိုက်ရ၏။

"နှင်းရီမှာ ချစ်သူရှိနေပြီလား ဟင်"

"ဟင့်အင်း"

နှင်းရီက ခေါင်းကို ခါယမ်းလိုက်၏။

"ကိုအောင့်မှာတော့ မေမေ့ကို ငဲ့ရတာကတစ်ဖက်၊ ကိုယ်ရေးပြဿနာကတစ်ဖက်၊ တော်တော်ကို အခက်တွေ့နေရတယ်"

"ကိုယ်ရေးပြဿနာဆိုတာက ဘယ်လိုလဲ ကိုအောင်၊ နှင်းရီ သိခွင့်ရှိရင် သိပါရစေလား"

"ရန်ကုန်တက္ကသိုလ်မှာတုန်းက မိန်းကလေးတစ်ယောက်နဲ့ ကိုအောင် ချစ်ခဲ့မိတယ်၊ နှင်းရီ သူ့ကိုမမြင်ဖူးပေမဲ့ သူ့အသံကိုတော့ ကြားဖူးမှာပါ။ သူ့နာမည်က သွယ်သွယ်မွန်တဲ့"

ကျွန်းပင်မတ်မတ်ကြီးများသည် သွယ်နွဲ့သော ကုံကော်ပင်တန်းများအဖြစ်သို့ ပြောင်းသွား၏။ စမ်းချောင်းဘေးမှ အဖုအထစ်များလှစွာသော ရင်သားတစ်ရာနှစ်ရာနှင့် လက်ပံပင်အိုကြီးသည် မျက်လုံးပေါင်းတစ်ထောင်နှင့် သစ်ပုပ်ပင်အိုကြီးအဖြစ်သို့ ပြောင်းသွား၏။ စမ်းချောင်းလေး၏တေးသံသည် ပိုမိုနုညက်လာပြီး အပင့် အဆတ် အနွဲ့ အလိမ်တို့ဖြင့် တီးခတ်နေသော စန္ဒရားသံသဖွယ် ကြွကြွလှုပ်မြူးလာ၏။ စန္ဒရားသံနှင့် လိုက်ဖက်ညီလှသော အမွန်၏သီချင်းသံသည် သင်းအောင်၏ရင်ထဲမှ ဆိပ်သာသောင်စွန်း၌ ဝဲပျံလျက်ရှိလေသည်။

တက္ကသိုလ်၏အနုပညာစင်မြင့်၌ အသံကေရီလေးတစ်ဦးအဖြစ် ကျော်ကြားစပြုနေသော အမွန့်ကိုမှ 'မြင်းမိုရ်ရွှေတောင်လုံးသာပ' သင်းအောင် ချစ်ခဲ့မိသည်။ လေးဆူဒီပါ သီတာရေမြေဆုံးစေတော့ အို... ဘယ်

mgyoe.com

mgyoe.com



မမုန်းပါတော့နိုင်အောင် စွဲလမ်းမိခဲ့၏။ ကပ်လုံးပ ဆုံးတိုင်ထိ အမွန့်ကို ဘ၀အဖော်မွန်ဖြစ်စေချင်သည်။ အမွန်က သူ့ကို 'ရုံးညာပိုင်' အဖြစ် အသိအမှတ်ပြုလိုက်သောနေ့ကား သင်းအောင် ရင်အခုန်ရဆုံးနေ့ဖြစ်ခဲ့၏။ သို့သော် အုံးပြိုင်သဥ္စာကြွေဦ တူနှစ်ကိုယ်ပျော်မွေ့ကြရေးကား ခက်လှ၏။

ဘွဲ့ရပြီး၍ သင်းအောင် အလုပ်ခွင် ဝင်ရောက်ရချိန်၌ သည်အခက်ကို စတွေ့ရသည်။ သင်းအောင်က လက်ထပ်ပြီး မိမိနှင့်အတူ နယ်သို့လိုက်ခဲ့ရန် အမွန့်ကိုခေါ်၏။ ထိုအချိန်၌ မြန်မာ့အသံ၏ ဓာတ်ပြားရ အဆိုတော်တစ်ဦးအဖြစ် အောင်မြင်နေသော အမွန်က ငြင်းသည်။

"မောင့်ကို အမွန် အသက်မကချစ်ပါတယ် မောင်ရယ်၊ ဒါပေမဲ့ မောင့်ကိုချစ်သလို အနုပညာကိုလည်း အမွန်ချစ်တာပဲ၊ မောင့်နောက်ကို အမွန် တစ်ဖဝါးမခွာ လိုက်ခဲ့ချင်ပါတယ် မောင်ရယ်၊ ဒါပေမဲ့ အမွန့် တေးပရိသတ်ကိုလည်း အမွန် စွန့်ခွာမပစ်ရက်ခဲ့ဘူး"

"အနုပညာသည်ဆိုတာ ဆင်စွယ်နန်းတော်ပေါ်မှာမှ နေရတယ်လို့ အမွန်က ထင်နေတာလား၊ မောင် အခုသွားမယ့် အရပ်မှာလည်း အမွန့် တေးပရိသတ်တွေ ရှိနေတာပါပဲ၊ မောင်နဲ့အတူ ပြည်သူတွေကြားကို တိုးဝင်စမ်းပါ အမွန်ရယ်"

"မောင်ပြောတာလည်း ယေဘုယျအနေနဲ့တော့ မှန်ပါတယ်၊ ဒါပေမဲ့ ခြွင်းချက်တော့ရှိတယ်၊ အမွန်တို့လို ဂီတအနုပညာသည်ကတော့ အဲဒီခြွင်းချက်ထဲမှာ အကျုံးဝင်တယ်၊ အသံလွှင့်ရုံက ရန်ကုန်မှာပဲရှိလေတော့ ကိုယ့်တေးသံကို တစ်ပြည်လုံးကကြားဖို့၊ ပြည်သူတစ်ရပ်လုံးကို တေးနဲ့ အလုပ်အကျွေးပြုဖို့အတွက် ရန်ကုန်ဟာ ဘူမိနက်သန်ပဲမောင်၊ နယ်ကိုလိုက်လာခဲ့ရင် ပြည်သူတစ်စိတ်တစ်ဒေသကိုပဲ အမွန် အလုပ်အကျွေးပြုခွင့်ရမှာပေါ့"

mgyoe.com

mgyoe.com



"နယ်ကနေ အသံသွင်းပြီး ရန်ကုန်ကိုပို့လို့လည်း ရပါတယ်အမွန် ရယ်"

"မောင်ပြောတော့ လွယ်လိုက်တာ၊ မောင်သွားမယ့်အရပ်က တကယ့် စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်၊ ဘယ်မှာလဲ သီချင်းရေးဆရာ၊ ဘယ်မှာလဲ တူရိယာအဖွဲ့၊ ဒီလို ချစ်သူ့ပုဆိုးစကိုဆွဲပြီး လိုက်သွားရင်းနဲ့ ဂီတလောကက တိမ်မြုပ်ကွေလွင့်သွားခဲ့ရတဲ့ အနုပညာကြယ်ပွင့်တွေ များလှပါပကောလား မောင်ရယ်၊ သူတို့လို အမွန်မဖြစ်ပါရစေနဲ့"

"အေးလေ... အမွန်က အောင်မြင်ကျော်ကြားနေတဲ့ ပြည်သူချစ် သော အဆိုတော်ကြီးပေကိုး၊ မောင်တစ်ယောက်တည်းပိုင်တာမှ မဟုတ် ဘဲကိုး၊ ပြည်သူတစ်ရပ်လုံးက ပိုင်ဆိုင်တဲ့ ဂီတအနုပညာရှင်ကြီးပေကိုး"

"မထေ့ပါနဲ့ မောင်ရယ်၊ အမွန့်ကိုချစ်ရင် ဒီလိုမငေါ့ပါနဲ့လား၊ အမွန့် တေးသံကို မီးဖိုထဲမှာ ချက်ပြုတ်ရင်း ညည်းလိုက်၊ ရေချိုးခန်းထဲမှာ အဝတ်လျှော်ရင်း ညည်းလိုက်၊ အိပ်ခန်းထဲမှာ ပုခက်လွှဲရင်း ညည်း လိုက်ဆိုတဲ့ အဆင့်မျိုးမှာတင် တိမ်မြုပ်သွားမှာကို မောင်ကော ကြည့် ရက်သလား၊ ဟင့်... မွန်အသနားခံနေတာပါမောင်၊ ဒီတော့ နယ်မှာ တစ်နှစ် နှစ်နှစ်နေပြီး ရန်ကုန်ရုံးချုပ်ကိုပြောင်းရအောင် ကြိုးစားခဲ့ပါလား မောင်ရယ်၊ အမွန့်ကိုချစ်ရင် ကြိုးစားခဲ့ပါလား"

သင်းအောင်ကလည်း ပန်ကာအောက် မှန်ရောင်စားပွဲမှာထက် တောမြိုင်ထဲမှ သစ်လုံးတွေပေါ်မှာ အလုပ်လုပ်ရသည်ကို ပိုပြီးခုံမင်သည်။ သို့သော် မိမိမြတ်နိုးခဲ့မိသော ပန်းက လောင်ပန်းဂမုန်းအင်မဟုတ်လေဘဲ ဒေလီယာပန်းဆိုတော့လည်း တောမှာမပွင့်လန်းနိုင်သော အမျိုးဖြစ်ရ ကား ခက်လှ၏။ သို့နှင့်ပင် သင်းအောင်တို့ပြဿနာသည် ကြာနွယ်ကို ချိုးဘိသို့ အမျှင်တွဲကာ မပြတ်မသား ဖြစ်နေခဲ့ရ၏။ သို့သော် ယနေ့အထိ သဝဏ်လွှာများဖြင့်ကား သစ္စာတိုင်ဆဲ၊ မေတ္တာခိုင်ဆဲပင် ရှိသေး၏။

mgyoe.com

mgyoe.com


ရံဖန်ရံခါ၌မူ အမွှန်က သူ၏သီချင်းသစ်များထဲ၌ မိမိတို့ဘဝကို လွမ်းဆွတ်ကြေကွဲဖွယ်ရာ ဖွဲ့နွဲ့ရင်း သင်းအောင်အား ဆင့်ခေါ်နေတတ်၏။ တစ်နေ့မှာတော့ နှစ်ဦးဆုံစည်းစရာလမ်းစ ပေါ်လိမ့်နိုးနိုးနှင့် မျှော်လင့်နေကြဆဲ အခြေအနေတွင် ရှိနေကြသည်။

လဝန်းသည် မြကျွန်းမြိုင်အား ရက်စက်စွာ စွန့်ခွာထားပစ်လျက် အနောက်ဘက် ပလူသာတောင်စွယ်၏ ပခုံးထက်တွင် မှေးစက်ရန် ပြင်ဆင်လျက်ရှိချေပြီ။ တိမ်ခိုးမျှင်တစ်သွယ်က မြကျွန်းမြိုင်နှင့် ငွေလဝန်းတို့ ကွဲကွာသွားမည်ကို မရှုဆိတ်သည့်အလား ရှည်လျားသောလက်များကို ဆန့်တန်း၍ ပေါင်းကူးထိစပ်ပေးလျက်ရှိ၏။ နှင်းရီက ကျောက်ခဲလေး တစ်လုံးကို စမ်းရေထဲသို့ ပစ်ချလိုက်သည်။

"ကိုအောင်တို့အဖြစ်ကလည်း မထွေးသာ မအန်သာတဲ့ အဖြစ်မျိုးပါလား ကိုအောင်ရယ်၊ နှင်းရီတော့ ကိုအောင့်ကိုရော သွယ်သွယ့်မွှန်ကိုပါ သနားမိပါတယ်"

"အဲဒီအခြေအနေမျိုးမှာ မေမေက ပြဿနာသစ်တစ်ရပ်ကို တင်လာပြန်တော့ ပိုပြီးရှုပ်ထွေးလာပြန်တာပေါ့ နှင်းရီ၊ ကိုအောင်ငြင်းလိုက်လို့ မေမေ့ဝေဒနာတိုးပြီး အဖြစ်ဆိုးကြုံခဲ့ရင်လည်း ကိုအောင်ပဲ ရင်ကျိုးရဦးမယ်၊ အင်း... မိဘမေတ္တာကလည်း တစ်ဖက်"

"သမုဒယသစ္စာကလည်း တစ်ဖက်လား ကိုအောင်"

နှင်းရီသည် စမ်းရေထဲသို့ သွယ်နွဲ့သော လက်ချောင်းလေးများကို နှစ်လိုက်၏။

"စိတ်ညစ်မနေပါနဲ့ ကိုအောင်ရယ်၊ အဓိကပြဿနာက ကိုအောင်နဲ့ သွယ်သွယ့်မွှန်တို့ရဲ့ သဘောထားမညီညွတ်မှုပါ။ အဲဒီပြဿနာကို ဖေ့စပ်ဖို့ အဖြေသာ ရှာစမ်းပါ။ ကိုအောင်တို့ကိစ္စ အဆင်ပြေရင် ကျန်တဲ့ ပြဿနာကိုတော့ နှင်းရီ ကူညီဖြေရှင်းပေးနိုင်အောင် ကြိုးစားပါ့မယ်။

mgyoe.com

mgyoe.com


တစ်လတိတိတောင် အချိန်ရသေးတာပဲ"

နှင်းရီက စမ်းရေထဲတွင် နှစ်ထားသော လက်ချောင်းလေးများကို နုတ်ယူလိုက်၏။

"မေမေပြောတဲ့ကိစ္စမှာ နှင်းရီရဲ့သဘောထားကကော ဘယ်လိုလဲ နှင်းရီ"

မျှော်လင့်မထားသော သင်းအောင်၏အမေးကြောင့် နှင်းရီ တွေဝိုင်သွား၏။ နှင်းရီ၏မျက်နှာကလည်း ရုတ်ခြည်းညှိုးနွမ်းသွား၏။ နှင်းရီ၏ မျက်လုံး၌ မျက်ရည်စလေးများ ဝန်းရစ်လာသည်။ နှင်းရီ၏နှုတ်ခမ်းလေးများက တဆတ်ဆတ် တုန်လာခဲ့၏။ နှင်းရီက ဆို့နင့်ကြေကွဲသောအသံဖြင့် ပြောသည်။

"နှင်းရီ ဘယ်လိုဖြေစေချင်သလဲ ကိုအောင်... ကိုအောင် ဖြေစေချင်သလို နှင်းရီဖြေပါ့မယ်"

## (၅)

"ဂယ်ရိယှဲ ကယ်ကယ်... ရှုံးတိမ်းတိမ်း... ဂေါ်ဂေါ်"

"ဂယ်ရိယှဲ ကယ်ကယ်... ရှုံးတိမ်းတိမ်း... ဂေါ်ဂေါ်"

ကက်ဆက်ထဲမှ ဆူညံစွာ ထွက်ပေါ်လာသော အသံများကြောင့် နှင်းရီသည် ထိတ်လန့်သွားပြီး ခလုတ်ကို ချက်ချင်းနှိပ်၍ ရပ်ပစ်လိုက်၏။ သင်းအောင်က နှင်းရီ၏ထိတ်လန့်သွားဟန်ကို သဘောကျလျက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

"ဘာသံတွေလဲ ကိုအောင်၊ နှင်းရီက သွယ်သွယ်မွန်ရဲ့သီချင်းခွေလားလို့ ဖွင့်ကြည့်တာ"

"ပြန်ဖွင့်လိုက်လေ... ကိုအောင် ရှင်းပြမယ်"

"ဟင့်အင်း... တော်ပြီ... မဖွင့်ချင်တော့ဘူး၊ ဘာကြီးမှန်းလဲမသိ

mgyoe.com

mgyoe.com



ဘူး... ဂယ်ရိယှဲ ကယ်ကယ်... ဂယ်ရိယှဲ ကယ်ကယ်နဲ့"

"နံ့သာငှက်မလေးရဲ့အသံလေ နှင်းရီရဲ့... အဓိပ္ပာယ်ကတော့...
ဟောဒီစုံမြိုင်ကြီးထဲမှာ
ခင်မတစ်ကိုယ်တည်း နေရတဲ့ဘဝကို ငြီးငွေ့လှပါပြီ
ခင်မနှလုံးသားမှာလည်း အချစ်သွေးတွေ ပွက်ပွက်ဆူလို့နေပါပြီ
ပင်မြင့်ထက်က ငှက်ဖိုကိုကိုရယ်
ခင်မဆီကို ပျံဝဲလာခဲ့ပါတော့
ချစ်လှည့်စမ်းပါတော့ ကိုကိုရယ်... ချစ်လှည့်စမ်းပါတော့
လည်ချင်းယှက်ပြီး ချစ်ပွဲဝင်ကြဖို့အတွက်
သစ်ရွက်နုလေးတွေကတောင် လှူ့ဆော်လို့နေပါပြီ... တဲ့"

နှင်းရီက ဖွဲ့ဖွဲ့နွဲ့နွဲ့ ရှင်းပြနေသော သင်းအောင်ကို ပြုံး၍ကြည့်နေမိ၏။

"ကြဲကြဲဖန်ဖန် ရှိလိုက်တာ။ ကိုအောင်က ငှက်စကားကို နားလည်တယ်ပေါ့လေ"

"အင်းပေါ့... နံ့သာငှက်မလေးရဲ့စကားကို နားလည်တာပေါ့"

"ငှက်မလေးရဲ့အသံက သနားစရာကောင်းလိုက်တာ... သူ့ခမျာ တစာစာ မြည်ကြွေးနေရရှာတယ်နော်၊ ကိုအောင်ရှင်းပြတာ ဟုတ်မဟုတ် နှင်းရီ ပြန်ဖွင့်ကြည့်လိုက်ဦးမယ်"

"ခုနကတော့ ဘာကြီးမှန်းမသိဘူးဆို... ခုတော့ သနားစရာတဲ့... ဖြစ်ရပြန်ပြီ၊ နေဦး... မဖွင့်နဲ့၊ ကိုအောင် နောက်တစ်ခွေ ဖွင့်ပြဦးမယ်"

သင်းအောင်သည် ကက်ဆက်ထဲသို့ တိတ်ခွေအသစ်တစ်ခု လဲထည့်လိုက်၏။ ထို့နောက် ခလုတ်ကို နှိပ်လိုက်သည်။

"တက်တက်တူ... ခါးခါး"

"တက်တက်တူ... ခါးခါး"

mgyoe.com

mgyoe.com


ငှက်တစ်ကောင်၏တွန်သံက ဆူညံစွာ ပေါ်ထွက်လာခဲ့၏။

နှင်းရီအား ခေတ္တမျှ နားထောင်စေပြီးမှ သင်းအောင်က ခလုတ်ကို နှိပ်၍ ရပ်လိုက်သည်။

"ဒါကတော့ ကဗျာအကိုးအကားနဲ့ကို ရှင်းပြရမယ့်ငှက်သံပဲ"

"ဆိုပါဦး ငှက်သုတေသီကြီးရှင့်"

"ကုန်းဘောင်ခေတ် စာဆိုတစ်ဦးဖြစ်တဲ့ ရွှေတောင်နန္ဒသူက မွေ့နွှန်း ရကန်ထဲမှာ ဒီလိုရေးထားခဲ့တယ်။

စနေနံသုံးထပ်နဲ့

အစသတ်နောက်ဖျားမှာ

ခါးနှစ်ဆင့်တနင်္လာ... တဲ့၊ အဲဒါ ဟောဒီခါငှက်ရဲ့တွန်သံကို ဖွဲ့ထားတာပဲ၊ တက်တက်တူဆိုတာက စနေနံသုံးထပ်၊ စနေနံအက္ခရာ သုံးလုံး၊ ခါခါဆိုတာက ခါးနှစ်ဆင့်တနင်္လာ... တနင်္လာနံ အက္ခရာနှစ်လုံး ပေါ့၊ စီခြောက်ဆယ်တစ်ခွေလုံး ခါတွန်သံချည်းပဲ သွင်းထားတယ်"

"ခုနက နံ့သာငှက်မလေးတုန်းကလို သူ့စကားရဲ့အဓိပ္ပာယ်ကို ရှင်းပြဦးလေ"

"သြော်... အဓိပ္ပာယ်ကတော့... ဟော့ ဒီတောအုပ်မှာ ငါဘုရင်ကွ၊ ဘယ်ကောင်မှ ဗိုလ်မထားဘူး၊ သတ္တိရှိတဲ့ကောင်ထွက်ခဲ့၊ ချဲပစ်လိုက်မယ်... တဲ့"

"အလို... ကြောက်စရာကြီးပါလား"

နှင်းရီက ပခုံးကိုတွန့်လိုက်လျက် ရေရွတ်သည်။

"ဒီငှက်သံတွေကို ဘာလို့သွင်းထားတာလဲ... သူတို့သဘာဝကို လေ့လာတာလား"

"မဟုတ်ဘူး... တောပစ်ဖို့"

"ဘယ်လို"

mgyoe.com

mgyoe.com


"ခုနက နံ့သာငှက်မလေးရဲ့ ချစ်ရေးမြူသံကိုကြားရင် ငှက်ဖိုက အနားကို ကပ်လာတယ်၊ အဲဒါကိုစောင့်ပြီး ပစ်ရတယ်၊ ဒီလိုပဲ ခါဆိုတာ ကလည်း တစ်တောမှာတစ်ဖ ကိုယ့်နယ်နဲ့ကိုယ် ဘုရင်လုပ်နေတာ၊ တခြားခါငှက်ကို ကိုယ့်နယ်ထဲအဝင်မခံဘူး၊ တခြားခါငှက်တစ်ကောင်က ကျူးကျော်ပြီး တွန်နေသံကြားရင် ပြေးလာပြီး ခွပ်တယ်၊ အဲဒါကို အသာ စောင့်ပြီး ပစ်ရုံပဲ"

"သိပ္ပံပညာရဲ့ အကူအညီကို ယူထားတဲ့ ရှာရှာဖွေဖွေ ငှက်ပစ်နည်း ပေါ့လေ"

"ဟိုတုန်းကတော့ တကယ့်ငှက်တွေကိုဖမ်းပြီး ယဉ်အောင်မွေး၊ လှောင်ချိုင့်နဲ့ယူလာပြီး တည်ကြတာပါပဲ၊ ဒါပေမဲ့ အဲဒီနည်းက ကရိကထ များတဲ့အတွက် ငှက်အစစ်ကိုမသုံးတော့ဘဲ အခုလို ကက်ဆက်နဲ့တည် ကြည့်တာ၊ တကယ့်ငှက်ကမှ မောပြီးမတွန်နိုင်တဲ့ အခက်အခဲမျိုး ကြုံရ တတ်သေးတယ်၊ ကက်ဆက်နဲ့ထောင်တာကတော့ ကြိုက်သလောက် အသံမြည်နေအောင် လုပ်နိုင်တော့ ပိုပြီး တွင်ကျယ်တယ်"

"ကိုအောင်... ဘာနဲ့ပစ်သလဲ"

"ကိုအောင့်လက်စွဲတော် ပွိုင့်တူးတူးနဲ့ပေါ့၊ နေပါဦး၊ တစ်နေ့မှ နှင်းရီ မြင်ဖူးသွားအောင် တောထဲမှာ လက်တွေ့ပစ်ပြဦးမယ်"

သင်းအောင်သည် ပဲပေါင်း၊ ကြက်ဥတို့ဖြင့် ကြော်ထားသော ထမင်း ကြော်ကိုစား၍ အလုပ်သွားရန်ပြင်ဆင်၏။ တဲထဲမှ ထွက်မည်အပြုဒ္ဒ နှင်းရီက တံခါးဝတွင် ပြေးရပ်လိုက်ပြီး လက်နှစ်ဖက်ကို ဆန့်တန်းလျက် ကာဆီးထား၏။

"ဟိုး ဆရာကြီး... ဟိုး ဟိုး... ဒီလိုသွားလို့ဘယ်ရမလဲ"

သင်းအောင်က တုံ့ခနဲရပ်လိုက်ပြီး နားမလည်နိုင်သော မျက်နှာဖြင့် နှင်းရီကို ငေးကြည့်နေ၏။ နှင်းရီက သူ့မေးစေ့ချွန်ချွန်လေးကို လက်

mgyoe.com

mgyoe.com


ဝါးနုနုဖြင့် ပွတ်ပြလိုက်၏။ ပြီးမှ...

"မုတ်ဆိတ်တွေ တအားရှည်နေပါပြီ ဆရာကြီး၊ မုတ်ဆိတ်များ ရိတ်ပယ်တော်မူပြီးမှ အလုပ်သို့ ထွက်ခွာသင့်ကြောင်း သံတော်ဦးတင်ပါတယ်"

## (၆)

"မက် မက်"

ဆင်ဦးစီးက သည်စကားလေးနှစ်လုံးကို ရွတ်ဆိုလိုက်ကာမျှနှင့် ကုန်းပေါ်တွင် ခွန်အားအကြီးဆုံး သတ္တဝါဖြစ်သော ဧရာမဆင်ကြီးက သိုးလိမ္မာလေးသဖွယ် ယို့ခနဲနေအောင် ဒူးတုပ်ပြီး ဝပ်လိုက်ပုံကို နှင်းရီက အံ့သြနေမိ၏။

"နှင်းရီ ဆင်စီးဖူးအောင် တက်စီးကြည့်ပါလား၊ ကိုအောင် ပွေ့တင်ပေးမယ်လေ"

"ဟင့်အင်း ဟင့်အင်း... နှင်းရီကြောက်တယ်၊ မစီးရဲဘူး"

နှင်းရီက စိုးရွံ့စွာဖြင့် နောက်သို့ တအားဆုတ်သွား၏။ သင်းအောင်က ရယ်မောလိုက်သည်။

"အလကား နှင်းရီကိုစတာပါ၊ မစီးရပါဘူး၊ ဆင်ဦးစီးတွေက သူတို့ဆင်ကို အမျိုးသမီးစီးရင် မကြိုက်ဘူးနှင်းရီရဲ့၊ အဲ... အဲ ဆင်က ဆင်မဆိုရင်တော့ အမျိုးသမီးစီးခွင့်ပြုကြပါတယ်၊ အစွဲအလမ်း တစ်မျိုးပေါ့လေ၊ လိင်ခွဲခြားမှုဟာ မြန်မာမှုနယ်ပယ်တိုင်းကနေ ဆုတ်ခွာမပေးချင်သေးဘူးဆိုတဲ့ သဘောပေါ့၊ တဖြည်းဖြည်းတော့ ပပျောက်သွားကောင်းပါရဲ့"

သင်းအောင်က နှင်းရီကိုပြောရင်း ဆင်ဦးစီးအား လက်ပြလိုက်၏။

"မိုင်း... မိုင်း"

mgyoe.com

mgyoe.com


ဦးစီး၏အမိန့်ပေးသံကို ကြားသည်နှင့်တစ်ပြိုင်နက် ဆင်ကြီး သည် ဝုန်းခနဲ ထရပ်လိုက်၏။

"နှင်းရီ သစ်ခွပန်းလိုချင်တယ်ဆို၊ ကျားမျက်လုံးတွေနဲ့ ကြက်ဥနှစ် လှလှလေးတွေ ဟိုဘက်အကွက်ထဲမှာရှိတယ်၊ လိုက်ခဲ့ပါလား"

"ကိုအောင်ပဲ တွေ့ရင်ခူးခဲ့တော့... နှင်းရီ ဆင်ဝိုင်းကို သွားချင်သေး တယ်"

"ဘာသွားလုပ်မလို့လဲ"

"ပုံ့ချိတ်တစ်ယောက်ရဲ့ကလေး ဖျားနေလို့ မနေ့က ဆေးပေးထား ခဲ့တယ်၊ အပူချိန်တော့ သိပ်မရှိပါဘူး၊ အဲဒါ ဒီနေ့ အခြေအနေ သွားကြည့် မလို့ပါ"

"သွားလေ... ကိုအောင်ပြန်တော့ ဝင်ခေါ်မယ်"

"ခဏကြာမှ သွားမယ်၊ နှင်းရီ ကိုအောင်တို့အလုပ်လုပ်တာ ကြည့် ချင်သေးတယ်"

သင်းအောင်ကဲ့သို့သော ဒုတိယမန်နေဂျာတစ်ဦးသည် စခန်းတွင် နယ်တာဝန်ခံအဖြစ် ဆောင်ရွက်ရ၏။ သင်းအောင်၏လက်အောက်၌ လက်ထောက်မန်နေဂျာတစ်ဦးရှိသည်။ ထို့ပြင် အကွက်၌ပင်တိုင်နေသော သစ်အုပ်၊ ချောင်းအုပ်နှင့် ချောင်းခေါင်းတို့လည်းရှိသည်။ သစ်ခုတ်သမား များ၊ ဆင်ဝိုင်းမှ ဆင်အလုပ်သမားများပါ ရေတွက်လိုက်လျှင် အလုပ် သမား ခြောက်ဆယ်ခန့်ရှိ၏။ သင်းအောင်သည် နေ့စဉ် နံနက်ခြောက်နာရီ ၌ တောတက်ရ၏။ နေ့တစ်နာရီတွင် စခန်းသို့ပြန်ပြီး ရုံးအလုပ်များလုပ် ရသည်။ ဒုတိယမန်နေဂျာသည် သစ်ထုတ်ရေးတစ်ရာသီတွင် အနည်းဆုံး သစ်တန်တစ်ထောင်ကို ကိုယ်တိုင်ဖြတ်ပိုင်းပေးရ၏။ သစ်ဖြတ်ပိုင်းပေး သော အလုပ်ကလည်း ပညာပါသည်။ သစ်လုံးကြီး၏အသွင်အပြင်ကို တစိမ့်စိမ့် အကဲခတ်ကြည့်ရင်း မည်သည့်နေရာမှဖြတ်လျှင် အသုံးအဝင်ဆုံး

mgyoe.com

mgyoe.com


ဖြစ်မည်၊ မည်သည့်အပိုင်းကို ပယ်ထုတ်ပစ်ရမည်ဆိုသည်ကို ရုတ်ခြည်း ဆုံးဖြတ်ရ၏။ ထို့နောက် ဖြတ်ရမည့်နေရာ၊ ပယ်ရမည့်နေရာများ ဓားထစ် မှတ်သားပေးရ၏၊ တံဆိပ်တုံးလည်း ရိုက်ရသည်။ သည်အလုပ်ကို ကိုယ်တိုင်ဆောင်ရွက်ရုံမျှဖြင့် မပြီး၊ ငယ်သားများ သစ်ဖြတ်ပိုင်းပေးထား သည်ကိုလည်း စနစ်ကျမကျ အနည်းဆုံး ၇၅ % စစ်ဆေးပြုကြီးကြပ် ပေးရ၏။

"ကျွန်းသစ်တွေကိုပဲ ချောင်းထဲမှာမျှောတယ်လို့ ကိုအောင် တစ်နေ့ က ပြောခဲ့တယ်။ သစ်မာတွေကိုတော့ ဘာလို့ ချောင်းထဲက မမျှောတာ လဲ၊ မျှောရင် ပိုပြီး မတွင်ကျယ်ပေဘူးလား"

"နှင်းရီကလည်း ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြည့်ဦးမှပေါ့။ ကျွန်းက ပေါ့တော့ ရေမှာပေါ်တဲ့အတွက် မျှောလို့ရတာ၊ သစ်မာတွေကို ချောင်း ထဲချရင် မြုပ်ကုန်မှာပေါ့၊ ဘယ်မျှောလို့ရမလဲ။ ပြီးတော့ နှင်းရီမှတ်ထား ဖို့က သစ်ထုတ်ရေးတစ်ရာသီမှာ ကျွန်းဖြင့် ကျွန်း၊ သစ်မာဖြင့် သစ်မာ ချည်းပဲ ထုတ်ရတယ်။ အခုဒီမှာ သစ်မာမထုတ်ဘူး၊ ကျွန်းချည်းပဲ ထုတ် တယ်"

"နှင်းရီ တစ်ခုမေးချင်သေးတယ်"

"မေးလေ"

"အခုလို မိုးတွင်းကြီးထဲမှာမှ ဘာလို့ သစ်ထုတ်ကြတာလဲ၊ ခြောက် သွေ့ပြီး ရာသီဥတုသာယာတဲ့အချိန်မှာ ထုတ်လို့မရဘူးလား"

မိုင်းသုန်တောင်တန်း၌ ရစ်ဝဲနေသော မိုးသားတိမ်လိပ်များကို ကြည့်ရင်း နှင်းရီက မေး၏။

"ခက်တယ်နှင်းရီ... ကိုအောင်တို့ဒေသအနေနဲ့ သစ်ကွက်တိုင်းမှာ စက်ယန္တရားနဲ့ သစ်မထုတ်နိုင်သေးဘူး။ တကယ်လို့ သစ်ကွက်တိုင်းမှာ စက်လွှနဲ့ သစ်ပင်ကြီးတွေကိုလှဲ၊ သစ်ဆွဲတဲ့အခါမှာလည်း စကစ်တာနဲ့

mgyoe.com

mgyoe.com



ဆွဲ၊ ထရက်တာနဲ့ဆွဲ၊ အဲသလို အဆင့်မျိုးဆိုရင်တော့ ရာသီမရွေးထုတ်နိုင်မယ်၊ ခုတော့ နှင်းရီမြင်တဲ့အတိုင်း ဒီလုပ်ငန်းမှာ ဆင်က အဓိကဇာတ်ဆောင်ဖြစ်နေလေတော့ ဆင်အနေနဲ့ မိုးတွင်းမှာ မြေသားပျော့ပြီး သစ်ဆွဲလို့လွယ်ကူတယ်၊ ပြီးတော့ ဆင်စာကလည်း မိုးတွင်းမှာပေါတယ်၊ မိုးတွင်းမှာဆိုတော့ သောက်ရေသုံးရေအတွက်လည်း အခက်အခဲမဖြစ်ဘူးပေါ့၊ နောက် အရေးကြီးတာတစ်ချက်က ခြောက်သွေ့တဲ့ရာသီမှာ ထုတ်ရင် သစ်ပင်တွေ တဝုန်းဝုန်းလဲပြိုရင်း ပွတ်ကြိတ်မိပြီး တောမီးလောင်နိုင်တယ်၊ အဖိုးတန်သစ်တွေ အလဟဿဆုံးရှုံးမယ်၊ ဒါ့ကြောင့် ဇွန်လဆန်းကနေ နောက်အကျဆုံး ဒီဇင်ဘာလကုန်အထိအတွင်းမှာပဲ လုပ်ငန်းလုပ်ကြရတယ်”

စင်စစ် သင်းအောင်အဖို့ကား ဇွန်မဆန်းမီကပင် အလုပ်များခဲ့ရသည်။ သစ်ထုတ်ရေးအနေနှင့် သစ်တောဌာနသို့ သစ်ထုတ်ခွင့်တောင်းရ၏။ ခွင့်ပြုချက်ရသည်နှင့် အကွက်နင်းရသည်။ ထို့နောက် (ကန်ထရိုက်နှင့်ထုတ်လျှင်) ကန်ထရိုက်တို့အား ပင်ထောင်များ ခွဲဝေသတ်မှတ်ပေးရ၏။ တောတောင်အခြေအနေ၊ သစ်ပင်အစိတ်အကျဲ အခြေအနေတို့ကို ကွင်းနင်းလေ့လာပြီး အစီရင်ခံစာတင်ရ၏။ အမှုထမ်းများနေရန်အတွက် တဲဆောက်ရသည်။ အလုပ်သမားများအတွက် ရိက္ခာစုဆောင်းသိုလှောင်ပေးထားရ၏။

“ဒီနေရာမှာ ရတနာနှစ်ခုရဲ့ သဟဇာတဖြစ်နေပုံကို နှင်းရီ တွေ့ရတယ်”

“ဘယ်လို ရတနာနှစ်ခုလဲ”

“နိုင်ငံရဲ့ အဓိကထွက်ကုန်တစ်ခုဖြစ်တဲ့ ကျွန်းသစ်ဆိုတဲ့ ရတနာနဲ့ ဆင်ဆိုတဲ့ ရတနာလေ”

“တတိယရတနာကိုရော နှင်းရီ သတိမပြုမိဘူးလား”

mgyoe.com

mgyoe.com


"ဟင့်အင်း"

"အလုပ်သမားတွေလေ နှင်းရီရဲ့၊ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေတိုးရေးအတွက် လစာလေးတစ်ရာလောက်နဲ့ အန္တရာယ်ထူထပ်တဲ့ တောထဲတောင်ထဲမှာ နေပူမိုးရွာမရှောင် ဆွေပစ်မျိုးပစ် သက်စွန့်ဆံဖျား အလုပ်လုပ်နေကြတဲ့ သစ်ထုတ်ရေးလုပ်သားကြီးတွေလေ၊ အဲဒါလည်း ရတနာတစ်ပါးပဲပေါ့"

နှင်းရီက လဲပြိုလာသော သစ်လုံးကြီးများကို ရှောင်တိမ်းရင်း လွှဆွဲနေကြသော အလုပ်သမားများအား ငေးကြည့်နေမိ၏။ သစ်ကွက်ထဲ၌ ဆင်ဆယ်ကောင်ရှိသည်။ ဆင်တစ်ကောင်လျှင် လွှသမားနှစ်ဆိုင်း ချပေးထား၏။ တစ်ဆိုင်းလျှင် နှစ်ယောက် (လွှကိုင်တစ်စုံ) ကျရှိသည်။ ထို့ကြောင့် ဆင်တစ်ကောင်လျှင် သစ်ခုတ်သမား လေးယောက်၊ သင်းအောင်တို့စခန်း၌ အလုပ်ဆင် ဆယ်ကောင်ရှိသဖြင့် သစ်ခုတ်သမား လေးဆယ်ရှိသည်။ ဆင်တစ်ကောင်အဖို့ တစ်ရာသီတွင် လုပ်ငန်းအခြေအနေအလိုက် တန် ၅၀၀ အထိ ပြီးအောင် ထုတ်လုပ်ပေးကြရသည်။ သစ်ခုတ်သမားများအပြင် ဆင်အလုပ်သမားများရှိသေး၏။ သူတို့ကဏ္ဍကလည်း အရေးပါသည်။ ဆင်ဝိုင်းတွင် အကြီးအကဲအဖြစ် ဆင်ခေါင်းနှင့် လက်ထောက်ဆင်ခေါင်းတို့ရှိ၏။ ဆင်တစ်ကောင်တိုင်းတွင် ဦးစီးတစ်ယောက်နှင့် ပဲ့ချိတ်သမားတစ်ယောက်စီရှိသည်။ ဦးစီးက ဆင်ပေါ်မှ ထိန်းကျောင်းပေးရပြီး ပဲ့ချိတ်က သစ်နဖားကြိုးချည်ခြင်း၊ သစ်ဆွဲလမ်းပြုလုပ်ပေးခြင်း၊ (အိမ်ရှင်မများမရှိလျှင်) ထမင်းချက်ပေးခြင်းတို့ကို ဆောင်ရွက်ရ၏။

"ဝမ်းရေးခက်ရာကြတဲ့ အလုပ်သမားကြီးတွေကို နှင်းရီ သနားမိပါတယ်၊ နိုင်ငံအတွက် အနစ်နာခံမယ်ဆိုတဲ့ ယုံကြည်ချက်ကြောင့်လည်း ဒီလို အပင်ပန်းခံ စွန့်စားနိုင်ကြတာလို့ နှင်းရီ သေသေချာချာ ပြောရဲတယ်"

mgyoe.com

mgyoe.com


သင်းအောင်သည် သစ်လုံးကြီးအနီးတွင် ဓားတစ်လက်ဖြင့် အလုပ်ရှုပ်လျက်ရှိ၏။

"ဝမ်းရေးရော လွှမ်းရေးပါခက်နေတဲ့ ဟောဒီ သစ်ထုတ်ရေးအလုပ်သမားကြီးကိုတော့ နှင်းရီ ပိုလို့သနားမိတယ်"

"ဘာဖြစ်လို့"

သင်းအောင်က လှည့်ကြည့်လိုက်ရင်း မေးသည်။ နှင်းရီက လက်ထဲမှထီးကလေးကို လှုပ်ကစားလိုက်ရင်း ပြော၏။

"သွယ်သွယ့်မွန်ဆီက စာမလာတာ အတော်လေးကြာပြီဆိုတာ နှင်းရီ သိလို့ပေါ့ ကိုအောင်ရယ်"

သင်းအောင်၏မျက်နှာသည် ညို့သော မိုးကောင်းကင်နှင့်အပြိုင် သုန်မှုန်လျက်ရှိ၏။ အံကို တင်းတင်းကြိတ်ထားသဖြင့် မေးကြောကြီးများက အပြိုင်းအပြိုင်း ထောင်ထနေသည်။ နှင်းရီသည် ကြမ်းပြင်ပေါ်တွင် ကျုံ့ကျုံ့ထိုင်လျက်ရှိ၏။ ကုလားထိုင်ထက်မှ သင်းအောင်၏ ကျောပြင်ကို ထိတ်လန့်သည့် မျက်လုံးဝိုင်းဝိုင်းလေးများဖြင့် မဝံ့မရဲ ကြည့်လျက်ရှိ၏။ ဦးပေါက်ကျော်နှင့် ဒေါ်ငွေရင်တို့ မှုစ်ချိုးထွက်နေချိန်ဖြစ်သဖြင့် စခန်းတွင် တိတ်ဆိတ်နေသည်။

"ဒါကို လုံးဝခွင့်မလွှတ်နိုင်ဘူး"

သင်းအောင်က ရှေ့မှစားပွဲကို လက်ဝါးနှစ်ဖက်ဖြင့် ဝုန်းခနဲ ပုတ်၍ အော်ဟစ်လိုက်၏။ နှင်းရီဘက်သို့ လှည့်၍ ရပ်လိုက်သည်။ ကျုံ့ထားသော မျက်မှောင်အောက်မှ ဝင်းဝင်းတောက်လျက်ရှိသော သင်းအောင်၏ ဒေါသမျက်လုံးများက နှင်းရီကို ပို၍ ထိတ်လန့်စေသည်။

"ဟောဒီမှာ အမွန့်ဆီက ရေးလိုက်တဲ့စာ၊ ဒီနေ့ ရောက်လာတယ်၊ အမွန်က ဘာရေးလိုက်တယ် ထင်သလဲ"

သင်းအောင်၏ ဒေါသပူးကပ်နေသော လက်ထဲတွင် ညှစ်ကိုင်

mgyoe.com

mgyoe.com


ခြင်းခံထားရသော စာရွက်လေးသည် တဆတ်ဆတ်တုန်လှုပ်နေရှာ၏။

"တောစုံမြိုင်ထဲက မောင့်အနားမှာ ပါရမီဖြည့်ဖက်အဖြစ် မယ်မဒီလေး ရောက်နေမှတော့ အမွှန်ကို မုန်းလိုက်ပါတော့တဲ့၊ မေ့လိုက်ပါတော့တဲ့"

သင်းအောင်၏ ဒေါသသံထဲ၌ ကြေကွဲသံများ ယှက်ထွေးလာ၍ လှိုက်လှဲလာသည်။

"ရန်ကုန်မှာရှိနေတဲ့ အမွှန်က နှင်းရီ ဒီရောက်နေတာကို ဘယ်လို လုပ်သိသလဲ၊ ဒါ ဘယ်သူ့စနက်လဲ၊ ဒါ ဘယ်သူ့စနက်လဲ၊ နှင်းရီ အမွှန့်ဆီကို စာရေးလိုက်တယ်မဟုတ်လား ပြောစမ်း"

"ဟုတ်ပါတယ် ကိုအောင်၊ နှင်းရီ သွယ့်သွယ့်ဆီကို စာရေးမိပါတယ်၊ ဒါပေမဲ့ နှင်းရီ သဘောရိုးနဲ့ ရေးတာပါ၊ စေတနာဆိုးမပါဘူးဆိုတာ နှင်းရီ ကျမ်းရွက်ဝံ့ပါတယ်"

"သိပ်ကောင်းတယ်... သိပ်ကောင်းတာပဲ၊ အလျှို့ရှင်မှန်းသိအောင် ကြေညာလိုက်တာပေါ့လေ ဟုတ်လား"

"ဒီလိုသဘောမျိုးမဟုတ်ပါဘူး ကိုအောင်၊ နှင်းရီ ဒီလောက် မယုတ်ညံ့ပါဘူး။ ကိုအောင့်ဒုက္ခကို မကြည့်ရက်လို့ ကိုအောင့်ကိုငဲ့ညှာပြီး လက်ထပ်ပါလို့ သွယ့်သွယ့်မွှန်ဆီကို တောင်းပန်တဲ့စာ ရေးမိတာပါ၊ နှင်းရီရဲ့စကားကို မယုံရင် ကိုအောင် သွယ့်သွယ့်မွှန်ဆီကို အချိန်မရွေး မေးကြည့်နိုင်ပါတယ်၊ နှင်းရီဆီမှာလည်း စာကြမ်းရေးထားတဲ့ လက်ခံ ရှိပါတယ် ကိုအောင်ကြည့်ပါ"

နှင်းရီက အခန်းထဲသို့ဝင်သွားပြီး စာကိုယူလာ၏။ သင်းအောင်အား မဝံ့မရဲ ကမ်းပေးသည်။

"မကြည့်ချင်ဘူး၊ မကြည့်ချင်ဘူး။ ဒီဂြိုဟ်မွှေတဲ့စာကို လုံးဝမကြည့်ချင်ဘူး၊ ဒီစာကြောင့် အမွှန်က အမုန်းစကားပြောတာကို ခံရတာ၊ အမွှန့်

mgyoe.com